# ဆေးဝါးကုသမှုဆိုင်ရာ သတင်းအချက်အလက်များ
## Medication Information : Burmese

### တီဘီရောဂါဖြစ်စေသော ဘက်တီးရီးယားကို ဖယ်ရှားခြင်း

**ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ–**

- မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း
- ခြေလက်များထုံခြင်း၊ တစစ်စစ်ကိုက်သည့် ဝေဒနာခံစားရခြင်း

**မှတ်တမ်း –**

- အကယ်၍သင့်တွင် အသည်း သို့မဟုတ် ကျောက်ကပ်ဆိုင်ရာ ရာဇဝင်ပြဿနာရှိလျှင်၊

**သူနာပြုအား ချက်ခြင်းအကြောင်းကြားပါ–**

- အကယ်၍သင့်တွင် အရောင်များဆုံးဖြတ်ရန် အခက်အခဲရှိခြင်း၊ အမြင်ပြောင်းလဲမှုရှိလျှင်၊

### တီဘီရောဂါဖြစ်စေသော ဘက်တီးရီးယားကြီးထွားမှုကိုသတ်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်း

**ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ–**

- မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း
- အရေပြား အင်ပျဉ်ထခြင်း၊ အသားဝါရောဂါဖြစ်ခြင်း
- အရိုးအဆစ်များ ရောင်ရမ်းပြီး နာကျင်ခြင်း
- ဖျားနာခြင်း
- စားသောက်လိုစိတ်ကုန်ခမ်းခြင်း

**မှတ်တမ်း –**

- အကယ်၍သင့်တွင် အဆစ်အမျက်ရောင်ရောဂါ ရာဇဝင်ရှိလျှင်၊
- အကယ်၍သင့်တွင် ဆီးချို (သွေးချို) ရောဂါ ရာဇဝင်ရှိလျှင်၊
- အကယ်၍သင့်တွင် ကိုယ်ဝန်ရှိလျှင်၊

**အညွှန်း –**

- နေ့စဉ် အနဲဆုံးရေ 8 ခွက် (2 လီတာ) ခန့်သောက်သုံးပါ။

### တီဘီရောဂါဖြစ်စေသော ဘက်တီးရီးယား

**ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ–**

- နလုံးလောင်ကျွမ်းခြင်း၊ မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းသွားခြင်း
- အရေပြား အင်ပျဉ်ထခြင်း၊ ချွေးထွက်ခြင်း၊ အသားဝါခြင်း
- ဆီးသွားသည့်အခါ အရောင်မဲခြင်း၊ ဝမ်းသွားသည့်အခါ အရောင်ဖျော့ခြင်း
- မျက်လုံးမှမျက်ရည်ထွက်ခြင်း
- ဝိုက်မျဉ်းခြင်း
- ဖျားနာခြင်း
- ပါးစပ်နှင့်လျှာတို့တွင် အနာများဖြစ်ခြင်း

**မှတ်တမ်း –**

- အကယ်၍သင်သည် ပန်းနာရောဂါ၊ လေသင်တုန်းဖြတ်ခြင်း၊ ခုခံစွမ်းအားနည်းရောဂါ သို့မဟုတ် ဆီးချိုရောဂါတို့အတွက် ဆေးသောက်နေရလျှင်၊
- အကယ်၍သင်သည် နလုံးရောဂါ သို့မဟုတ် သွေးတိုးရောဂါတို့အတွက် ဆေးသောက်နေရလျှင်၊
- အကယ်၍သင်သည် သွေးကြောကျဉ်းရောဂါ (နလုံးရောဂါသည်များ ခံစားနေရသည့်သွေးခဲမှုကာကွယ်သည့်ဆေး) ဆေးသောက်နေရလျှင်၊
- အကယ်၍သင်သည် သားဆက်ခြားဆေး၊ ပဋိသန္ဓေတားဆေး သို့မဟုတ် သန္ဓေတားသည့်ထိုးဆေး သောက်သုံးနေရလျှင်၊
- အကယ်၍သင်သည် ဟော်မုန်းအစားထိုးရန် သွေးဆုံးချိန်စိတ်ဂယောက်ဂယက်ဖြစ်မှု ကုသသည့် ဆေးသောက်နေရလျှင်၊

**အညွှန်း –**

- ခန္ဓာကိုယ်မှထွက်သည့်အရည်များ (မျက်ရည်၊ ချွေး၊ ဆီး) လိမ္မော်ရောင်ပြောင်းလိမ့်မည်၊
- ၎င်းတို့သည် စွန်းထင်းစေသောကြောင့် မျက်ကပ်မှန်ကို မတပ်ပါနှင့်၊
- သင်၏အရေပြားသည် နေရောင်ကိုပိုပြီး တုန့်ပြန်လွယ်သည်။ နေကာကိုအသုံးပြုပါ။
- အချို့သန္ဓေတားဆေးနည်းများသည် အလုပ်လုပ်လိမ့်မည်မဟုတ်။ ကွန်ဒုံးကဲ့သို့ အရန်ကာကွယ်နည်းများသုံးပါ။

### တီဘီရောဂါကုသရန် ဆေးတမျိုးတည်း သို့မဟုတ် အခြားဆေးဝါးများနှင့်တွဲပြီး အသုံးပြုခြင်း

**ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ–**

- မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းချုပ်ခြင်း
- ခြေလက်များထုံခြင်း၊ တစစ်စစ်ကိုက်သည့် ဝေဒနာခံစားရခြင်း၊ နာကျင်ခြင်း
- မျက်စေ့အမြင်အာရုံများ အဝါရောင်ပြောင်းလဲခြင်း
- အရေပြား အင်ပျဉ်ထခြင်း၊ အသားဝါခြင်း
- စားသောက်လိုစိတ်ကုန်ခမ်းခြင်း
- ဆီးအရောင်မဲခြင်း (လက်ဘက်ရည်/ကိုကာကိုလာရောင်)
- ဖျားနာခြင်း သို့မဟုတ် ချမ်းဖျား ဖျားခြင်း

**မှတ်တမ်း –**

- အကယ်၍သင်သည် လေသင်တုန်းဖြတ်ခြင်းအတွက် ဆေးသောက်နေရလျှင်၊
- အကယ်၍သင်သည် လေသင်တုန်းဖြတ်ခြင်းရာဇဝင်ရှိလျှင်၊

**အညွှန်း –**

- ၎င်းဆေးသောက်သုံးနေစဉ် အရက် (ဘီယာ၊ ဝိုင်နှင့် ဝီစကီ) စသည်တို့ရှောင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။
- ဆေးကုသစဉ် သင့်အားပေးသည့် ဗီတာမင် ဘီ–6 ကိုသောက်ပါ။
- အကယ်၍ရုတ်တရက် အပြင်းအထန်ပူခြင်း၊ ချွေးထွက်ခြင်းများဖြစ်ပေါ်ပါက၊ ရက်ကြာထားသည့် ချီစ်နှင့်အသားများ၊ ကြာညို့၊ အနှစ်ပါသည့်ပဲပုပ်၊ အနှစ်ပါသည့် ဟင်းချို၊ အီတလီဖြစ်အစိမ်းရောင်ပဲများ (ဖါဘာပဲ)၊ နှင်းပဲ သို့မဟုတ် ပဲလက်မပဲသီး၊ အချဉ်တည်ထားသောဂေါ်ဖီထုပ်၊ ကင်မ်ချီ၊ ပြစ်သောတစေးထုတ်ထားသည့် (ဟင်းချိုရည်)၊ ဝိုင်၊ အရက်မပါသည့်–ဘီယာ အပါအဝင် ဘီယာစသည့် အစားအစာများစားခြင်းမှ ရှောင်ကြဉ်ပါ။

## သူနာပြုအား ချက်ခြင်းအကြောင်းကြားပါ–

- အကယ်၍ သင်သည် ၎င်းဆေးဝါးများအား အကြောင်းအမျိုးမျိုးကြောင့် သောက်သုံးခြင်းရပ်တန့်လျှင်၊
- အကယ်၍ သင်သည် ၎င်းဆေးဝါးများသောက်သုံးစဉ် တစ်ခုခုသော နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများရှိလျှင်၊

ကျန်းမာရေးဌာန၊

တယ်လီဖုန်း

______________________________

______________________________

Patient's Signature